## အကြောင်းအရာ– နိုင်ထက်စီးနင်းမှု (bully) –ကျောင်းများ၌အပေါင်းအဖေါ်များမတော်မတရားပြုခြင်း

ကျောင်းခရိုင်သည် ခွဲခြားခြင်း၊ ခြိမ်းခြောက်ခြင်းမရှိသောပညာသင်ကြားသောပတ်ဝန်းကျင်ကိုစီမံဖွံ့စီး၍ဆက်လက်တည်မြဲရန်တာဝန်ယူသည်။ ကျောင်းသူ ကျောင်းသားတိုင်းကိုလေးစားစွာနှင့်ဂုဏ်အသရေရှိစွာဆက်ဆံမည်ဆိုသောအခြေခံမူရှိသည့်အတိုင်း၊ ကျောင်းဝင်း၌ဖြစ်စေ၊ ကျောင်းအဆောက်အအုံထဲ၌ဖြစ်စေ၊ ကျောင်းဘတ်စ်(bus)ကားထဲ၌ဖြစ်စေ၊ ကျောင်းမှကမကထပြုလုပ်ပေးသောကျောင်းတွင်းကျောင်းပြင်အစီအစဉ်အခမ်းအနားနှင့်လှုပ်ရှားမှုများတွင် ကျောင်းသားတဦးနှင့်တဦးနိုင်ထက်စီးနင်းမှုပြုခြင်းကိုတင်းကြပ်စွာတားမြစ်ထားပါသည်။ တခြားအနှောက်အယှက်ဖြစ်သောသို့မဟုတ်ဆိုးသွမ်းသောအပြုအမူများကဲ့သို့ နိုင်ထက်စီးနင်းမှုသည် ကျောင်းသားတဦးပညာသင်ကြားနိုင်စွမ်းနှင့်ကျောင်းမှ ကျောင်းသူကျောင်းသားများပညာသင်ပေးနိုင်စွမ်းကိုအဟန့်အတားဖြစ်စေသောအပြုအမူတရပ်ဖြစ်သည်။ မှားယွင်းသောအပြုအမူများကိုကြားဖြတ်စေသောလှုပ်ရှားမှုများနှင့်ဤအပြုအမူတို့၏အကျိုးအပြစ်များနှင့်အတူ နိုင်ထက်စီးနင်းပြုမှုတားမြစ်ခြင်းကိုအတန်းအားလုံးအတွက် *ကျောင်းခရိုင်၏ကျင့်ကြံပြုမူခြင်းဥပဒေ*ထဲ၌ထည့်ဝင်မည်။ နိုင်ထက်စီးနင်းပြုသောအပြုအမူများကိုတားမြစ်သောကျောင်းခရိုင်၏စည်းမျဉ်းနှင့်မူဝါဒကိုချိုးဖေါက်သော ကျောင်းသူကျောင်းသားများကို မူဝါဒ၊ ကျောင်းခရိုင်၏ စည်းမျဉ်းနှင့်စီမံအုပ်ချုပ်ရေးမူဝါဒ(နှင့်စီမံအုပ်ချုပ်ရေးအဖွဲ့ကချမှတ်ထားသောကြားဝင်နည်းလမ်း)နှင့်လျှော်ညီသောစည်းကမ်းထိန်းသိမ်းမှုကိုခံရမည်။

## အဓိပ္ပါယ်ဖေါ်ပြချက်၊တားမြစ်သောအပြုအမူဥပမာများ

ဤဥပဒေကိုရည်ရွယ်၍ ကျောင်းသူကျောင်းသားအတွက်နိုင်ထက်စီးနင်းမှုပြုခြင်း(bully)သည် "လက်မခံနိုင်သောအပြုအမူများကိုမကြာခဏပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ရာ၌ အင်အားမညီမျှမှုရှိ၍အင်အားကြီးသောကလေးသို့မဟုတ်အဖွဲ့ကအင်အားနဲသောကလေးကိုကိုယ်ထိလက်ရောက်အားဖြင့်သော်လည်းကောင်း၊ ပုတ်ခတ်ပြောဆိုခြင်းအားဖြင့်သော်လည်းကောင်းပြုလုပ်ခြင်းဖြစ်သည်" ဟုသတ်မှတ်သည်။ နိုင်ထက်စီးနင်းမှုပြုခြင်း(bullying)ကိုသုံးမျိုးခွဲခြားနိုင်သည်။

၁) ကိုယ်ခန္ဓာအားဖြင့် (ပါဝင်သောအရာတချို့မှာ လက်သီးနှင့်ထိုးခြင်း၊ ကန်ခြင်း၊ တံတွေးနှင့်ထွေးခြင်း၊ တွန်းခြင်း၊ သူများ၏ပိုင်ဆိုင်မှုကိုယူခြင်း)

၂) အပြောအဆိုအားဖြင့် (ပါဝင်သောအရာတချို့မှာ ကဲ့ရဲ့ပြောဆိုခြင်း၊ ရန်ညိုးထား၍ကျီစယ်ခြင်း၊ နံမည်ခေါ်ခြင်း၊ ကြိမ်းမောင်းခြင်း)

၃) စိတ်ဓါတ်ရေးရာအားဖြင့် (ပါဝင်သောအရာတချို့မှာ ကောလဟာလသတင်းလွှင့်ခြင်း၊ လူချင်းပေါင်းသင်းဆက်ဆံမှုကိုစီမံခြင်း၊ သို့မဟုတ် လူချင်းပေါင်းသင်းဆက်ဆံမှုကိုပိတ်ပင်တားဆီးခြင်း၊ အဓမ္မတောင်းခြင်း၊ သို့မဟုတ်ခြိမ်းခြောက်ခြင်း)

ကျောင်းခရိုင်သည် ကျောင်းလုပ်ငန်းကိုအနှောက်အယှက်ဖြစ်စေသော "အင်တာနက်(internet)အားဖြင့်နိုင်ထက်စီးနင်းမှုပြုခြင်း" (စိုင်ဘယ် အားဖြင့်နိုင်ထက်စီးနင်းမှုပြုခြင်းနှင့်လည်းစပ်

ဆိုင်သည်) စာအားဖြင့်သော်လည်းကောင်း၊ အီးမေး (e-mail)ပို့ခြင်း၊ ဝက်စိုက်(website)သုံးခြင်း၊ အင်တာနက်ဖြင့်စကားပြောခြင်း၊ စဲလ်ဖုန်းအားဖြင့်စာရေးဆက်သွယ်ခြင်းအစရှိသောလုပ်ငန်းရပ်တို့ကို တားမြစ်သည်မက ကျောင်းခရိုင်မှာရှိသော ကျောင်းသူကျောင်းသားများသို့မဟုတ် ကျောင်းအမှုထမ်း များ၏ကျမ္မာရေး၊ လုံခြုံရေးနှင့်ကောင်းကျိုးကိုကျူးလွန်ထိခိုက်စေသောလုပ်ငန်းတို့ကိုတားမြစ်သည်။

သို့သော်လည်း အပြုအမူပြင်းထန်မှုနှင့်ပြုမိသူ၏ရည်ရွယ်ချက်ပေါ်မူတည်၍အထက်ကဖေါ်ပြ ထားသောလက်မခံနိုင်သောအပြုအမူများတစုံတရာတို့သည်လည်းနိုင်ထက်စီးနင်းမှု(ပြင်းထန်သော မှားယွင်းသောအပြုအမူမဟုတ်သည့်တိုင်)ဖြစ်ရပ်များဖြစ်စေနိုင်သည်။

## တိုင်တန်းသူများ၏တင်ပြချက်–ယေဘုယျလမ်းညွှန်ချက်များ

၁) နိုင်ထက်စီးနင်းပြုခြင်းကိုခံရသည်ဟုယုံကြည်သောကျောင်းသူကျောင်းသားတဦးတယောက်၊ နိုင်ထက်စီးနင်းပြုခြင်းကိုသိရှိသောသူ၊ မြင်တွေ့သောသူအားလုံးကျောင်းအမှုထမ်းသို့မဟုတ် ကျောင်းအုပ်ထံနိုင်ထက်စီးနင်းပြုခြင်းအမှုကိုတိုင်ကြားရမည်။

၂) တိုင်ကြားခြင်းကိုရရှိသောကျောင်းအမှုထမ်းသို့မဟုတ်ကျောင်းအုပ်သည်(သို့မဟုတ် နိုင်ထက် စီးနင်းပြုခြင်းကိုမြင်တွေ့သောကျောင်းအမှုထမ်းသို့မဟုတ်ကျောင်းအုပ်) ထိုတိုင်ကြားခြင်းကိုစုံ စမ်းစစ်ဆေး၍သင့်လျော်သလိုအရေးယူရမည်။ လိုအပ်သည်ရှိသော် တဆင့်တက်၍အာဏာရှိ ကြီးကြပ်ရေးမှူး နှင့်၊သို့မဟုတ်ကျောင်းကခန့်အပ်ထားသောအရာရှိထံတင်ပြ၍နိုင်ထက်စီးနင်း ပြုခြင်းကိုစုံစမ်းစစ်ဆေးစေရမည်။ *နိုင်ထက်စီးနင်းပြုခြင်းကိုစုံစမ်းစစ်ဆေးရာ၌ ကျောင်းခရိုင်က ပြောင်လှောင်နှောက်ယှက်မှုအတွက်အသုံးပြုသောနည်းလမ်းအပါအဝင်စည်းကမ်းနည်းလမ်း အတိုင်းလိုက်နာသော သို့မဟုတ် စည်းကမ်းနည်းလမ်းအတိုင်းမလိုက်နာသောတိုင်ကြားခြင်း နှင့်အသနားခံတင်ပြချက်အဆင့်များကိုလိုက်နာရမည်။*

၃) စာနှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ နည်းလမ်းအတိုင်းလိုက်နာသော သို့မဟုတ် နည်းလမ်းအတိုင်း မလိုက်နာသော နိုင်ထက်စီးနင်းပြုခြင်းနှင့်ပတ်သက်သောစွဲဆိုချက်များအားလုံးကို စည်းမျဉ်း ဥပဒေရှိသည့်အတိုင်း၊ ကျောင်းခရိုင်၏မူဝါဒ၊ စီမံအုပ်ချုပ်ရေးမူဝါဒများ*နှင့်ကျောင်းခရိုင်၏ကျင့် ကြံပြုမှုခြင်းဥပဒေ*အတိုင်းစုံလင်စွာချက်ခြင်းဘက်မလိုက်သောစုံစမ်းစစ်ဆေးမှုကိုပြုလုပ်မည်ဖြစ် ပါသည်။

၄) တရားဥပဒေထိန်းချုပ်မှုရှိသည့်အတိုင်း နိုင်ထက်စီးနင်းမှုအပြုအမူနှင့်ပတ်သက်သောစွဲဆိုချက် များအားလုံးကိုယုံကြည်စိတ်ချစွာနှင့်လျှို့ဝှက်စွာအသုံးပြုမည်။ သို့သော်လည်း စွဲဆိုချက်များ ကိုစုံလင်တိကျစွာစစ်ဆေးမှုကိုပြုလုပ်နိုင်ရန်အတွက်နှင့် ဥပဒေစည်းကမ်းကိုထိန်းချုပ်လိုက်နာ စေသောအရာရှိများအမိန့်ရှိသည့်အတိုင်း “သိရန်လိုအပ်သည်”ဟူသောအခြေခံပေါ်မူတည်၍ စွဲဆိုချက်များကိုဖေါ်ထုတ်မည်ဖြစ်ပါသည်။ ကျောင်းအရာရှိများရရှိသောနိုင်ထက်စီးနင်းမှုအပြု အမူနှင့်ပတ်သက်သောစွဲဆိုချက်များသည်ရာဇဝတ်မှုနှင့်ပတ်သက်လျှင် သို့မဟုတ်ကျောင်း

တွင်းမှာဖြစ်စေ၊ ကျောင်းပြင်မှာဖြစ်စေဆိုးသွမ်းမှုဖြစ်စေနိုင်လျှင် တရားဥပဒေအရာရှိများကိုအကြောင်းကြားရမည်။

၅) စီမံခန့်ခွဲသူတို့သည်နိုင်ထက်စီးနင်းမှုအပြုအမူနှင့်ပတ်သက်သောစွဲဆိုချက်များအားလုံးကိုစုံစမ်းစစ်ဆေးမှုပြုလုပ်သောအခါလက်ရှိစည်းမျဉ်းနှင့်အုပ်ချုပ်မှုဥပဒေ(ကျောင်း၌တင်ပြသောပြောင်လှောင်နှောက်ယှက်မှု၊ ကျောင်း၌ဆိုးသွမ်းမှုဖြစ်စေနိုင်သောခြိမ်းခြောက်မှု၊ ကျောင်းသူကျောင်းသားကိုညှင်းဆဲမှုအစရှိသောဥပဒေကဲ့သို့ )၊ *ကျောင်းခရိုင်၏ကျင့်ကြံပြုမူခြင်းဥပဒေ* နှင့်အတူသင့်လျှော်သောကျောင်းလုံခြုံရေးအစီအစဉ်ကိုသင့်လျှော်သလိုရည်ညွှန်း၍အသုံးပြုမည်။

၆) စွဲဆိုချက်များအားလုံးနှင့်ကျောင်းသူကျောင်းသားများနိုင်ထက်စီးနင်းပြုခြင်း နှင့်စုံစမ်းစစ်ဆေးမှုအခြေအနေများကိုကျောင်းအုပ်၊ ကျောင်းတာဝန်ခံတဦးကိုအတတ်နိုင်ဆုံးအလျင်အမြန်အကြောင်းကြားရမည်။

၇) နိုင်ထက်စီးနင်းမှုနှင့်ပတ်သက်သောအဖြစ်အပျက်များကိုလျော့နဲစေရန်အတွက်ကျောင်းခရိုင်၏ကြိုးစားအားထုတ်ခဲ့မှုကိုဖေါ်ပြသောစာရွက်စာတမ်းကိုဖန်တီးရန်နှင့် ဤအဖြစ်အပျက်မျိုးကိုလျော့နဲစေရန်အတွက် ကျောင်းခရိုင်၏ကြိုးစားအားထုတ်ခဲ့မှုကိုလွယ်ကူစွာလေ့လာဆန်းစစ်မှုပြုလုပ်နိုင်ရန်၊ ကျောင်း၌နိုင်ထက်စီးနင်းမှုအပြုအမူနှင့်ပတ်သက်သောစွဲဆိုချက်များအားလုံးကိုစုံစမ်းစစ်ဆေးမှုနှင့်အရေးယူမှုကိုပြုလုပ်သောအမှုအားလုံးကိုသင့်တော်သလိုမှတ်တမ်းတင်ရမည်။

၈) ဤအဖြစ်အပျက်မျိုးနှင့်စွဲဆိုချက်များအားလုံးကိုသက်ဆိုင်ရာကျောင်းအရာရှိက နိုင်ထက်စီးနင်းမှုအပြုအမူများကိုခံရသောကျောင်းသူကျောင်းသားများ၏မိဘများ၊ စွဲဆိုချက်များတင်ပြသောကျောင်းသူကျောင်းသားများ၏မိဘများနှင့် စွဲဆိုမှုကိုခံရ သောကျောင်းသူကျောင်းသားများ၏မိဘများ ကိုအမိန့်နှင့်ဥပဒေလမ်းညွှန်ချက်ရှိသည့်အတိုင်းအကြောင်းကြားမည်ဖြစ်ပါသည်။ စွဲဆိုမှုကိုခံရ သောကျောင်းသားသည်မသန်မစွမ်းဖြစ်သောသူသို့မဟုတ် မသန်မစွမ်းဖြစ်သည်ဟုထင်မှတ်ရသောသူတယောက်ဖြစ်လျှင်၊ လေ့လာဆန်းစစ်မှုနှင့်စည်းကမ်းလိုက်နာရန်ချမှတ် ချက်များနှင့်အတူအစိုးရနှင့်ပြည်နယ်ဥပဒေကချမှတ်ထားသောစစ်ဆေးစမ်းသပ်ဆောင်ရွက်နည်းများ၏သဘောသဘာဝပေါ်မူတည်၍သင့်တော်သလိုစစ်ဆေးစမ်းသပ်ဆောင်ရွက်မှုကိုပြုလုပ်မည်ဖြစ်ပါသည်။

## တုံ့ပြန်မှုကိုတားမြစ်ခြင်း

ကျောင်းခရိုင်သည် စွဲဆိုသူများ၊ စွဲဆိုမှုကိုခံရသောသူများ၊ သက်သေများနှင့် နိုင်ထက်စီးနင်းမှုနှင့်ပတ်သက်သောစွဲဆိုချက်များကိုလေ့လာစစ်ဆေးရာ၌ပါဝင်သောသူများကိုဆန့်ကျင်၍တုံ့ပြန်မှုပြုခြင်းကိုတားမြစ်သည်။ နိုင်ထက်စီးနင်းမှုအပြုအမူများပြန်လည်၍မစတင်အောင်နှင့် လေ့လာစစ်ဆေးမှု၌ပါဝင်သောသူများကိုပြန်လည်တုံ့ပြန်မှုမရှိအောင် နိုင်ထက်စီးနင်းမှုပြုလုပ်သူများနှင့်နိုင်ထက်စီးနင်းမှုကိုခံရသောသူတို့ကိုဆက်လက်စစ်ဆေးမေးမြန်း၍သင့်လျော်သောကြည့်ရှုမှုကိုပြုလုပ်မည်ဖြစ်ပါသည်။

## သိလျက်နှင့်မှားယွင်းသောစွတ်စွဲမှုပြုခြင်း

ကျောင်းသူကျောင်းသားတယောက်ကို နိုင်ထက်စီးနင်းမှုအပြုအမူရှိသည်ဟုသိလျက်နှင့်မှားယွင်းစွာစွတ်စွဲသောသူကိုသင့်လျော်သလိုစည်းကမ်းထိမ်းသိမ်းအရေးယူမည်ဖြစ်ပါသည်။

## ကျောင်းခရိုင်၏တာဝန်နှင့်သင်တန်းပေးမှု

ကျောင်းတိုင်း၌ရှိသောကျောင်းအုပ်များနှင့်အစီအစဉ်ကြီးကြပ်သူတို့သည်ကျောင်းသူကျောင်းသားတဦးနှင့်တဦးနိုင်ထက်စီးနင်းမှုပြုခြင်းကိုတားမြစ်သောကျောင်းခရိုင်၏စည်းမျဉ်းနှင့်မူဝါဒကိုကျောင်းသူကျောင်းသားနှင့် ကျောင်းအမှုထမ်းအားလုံးကိုနှစ်စဉ်အသိပေးရန်တာဝန်ရှိသည်။

ကျောင်းအမှုထမ်းအားလုံးတို့သည် နိုင်ထက်စီးနင်းမှုအပြုအမူများကိုတားမြစ်ရန်၊ ကျောင်းနယ်မြေနှင့်ကျောင်းကဦးစီးဦးဆောင်သောလှုပ်ရှားမှု၌ဤကဲ့သို့သောအပြုအမူများတွေ့မြင်လျှင်စည်းကမ်းပြုပြင်ထိန်းသိမ်းရေးတာဝန်ယူ၍သူတို့နှင့်စပ်ဆိုင်သောကြီးကြပ်သူထံသတင်းပေးရမည်။ ထို့အပြင် ကျောင်းသူကျောင်းသားတဦးနှင့်တဦးနိုင်ထက်စီးနင်းမှုပြဿနာကိုသိမြင်အောင်နှင့် ကျောင်းအမှုထမ်းများနိုင်ထက်စီးနင်းမှုအပြုအမူများကိုလွယ်ကူထင်ရှားစွာသိမြင်နိုင်ရန်ကျောင်းအမှုထမ်းများကိုသင်တန်းပေးမည်ဖြစ်ပါသည်။

ကျောင်းခရိုင်တွင်း၌နိုင်ထက်စီးနင်းမှုအပြုအမူများကိုတားမြစ်ရန်နှင့်နိုင်ထက်စီးနင်းမှုကိုခံရသောသူတို့ကိုကူညီရန်နှင့်ကာကွယ်ရန် ကာကွယ်ရေးနှင့်ကြားနေပြုလုပ်သောနည်းလမ်းများကိုစီမံအုပ်ချုပ်သူကချမှတ်သည့်အတိုင်းကျောင်းအထပ်တိုင်းနှင့်စာသင်ခန်းတိုင်း၌ထည့်ဝင်မည်ဖြစ်ပါသည်။ နိုင်ထက်စီးနင်းမှုရပ်စဲရန် နိုင်ထက်စီးနင်းမှုပြုသူ၊ နိုင်ထက်စီးနင်းမှုကိုခံရသောသူနှင့်သူတို့၏မိဘများကိုသက်ဆိုင်ရာကျောင်းအမှုထမ်းများကကြားနေပြုလုပ်မှုတခုစီကိုဖေါ်ပြပေးမည်ဖြစ်ပါသည်။

## နိုင်ထက်စီးနင်းမှုကိုလျော့နဲစေသောနည်းလမ်းများ

အောက်ပါဖေါ်ပြချက်များသည် *လူငယ် တရားရေးနှင့်ပျက်စီးမှုကိုကာကွယ်သောရုံး* မှဖေါ်ပြသောအကြောင်းအချက်ပေါ်မူတည်၍ နိုင်ထက်စီးနင်းမှုကိုဖြန်ဖြေရန်အတွက်အကြံပေးနည်းလမ်းများနှင့်သင်တန်းများကိုဖေါ်ပြထားပါသည်။

၁) နိုင်ထက်စီးနင်းမှုကိုဆန့်ကျင်သောစည်းမျဉ်းနှင့်တားမြစ်ချက်များကိုကြော်ငြာ၍ကျောင်းတခုလုံး၌ထိုကြော်ငြာကိုကပ်ထားပါ၊ (တားမြစ်ချက်များကို *ကျောင်းခရိုင်၏ကျင့်ကြံပြုမှုခြင်းဥပဒေ* ၌ဖေါ်ပြရမည်၊)

၂) နိုင်ထက်စီးနင်းမှုပြုသူနှင့် နိုင်ထက်စီးနင်းမှုကိုခံရသောသူကိုကူညီရန် ကျောင်းသားနှင့်လူကြီးအကြံပေးသူများကိုအသုံးပြုပါ၊

၃) ကျောင်းသူကျောင်းသားများစာသင်ချိန်ဇယားနှင့်ပတ်သက်သောအကြောင်းအရာများဆွေးနွေးရန်၊ ကျောင်းရက်များတွင်စီစဉ်မှုများပြုနိုင်ရန်၊ တဦးကိုတဦးကူညီနိုင်ရန်သူငယ်ချင်းနှစ်ဦးသို့မဟုတ်အသက်ကြီးသောသူငယ်ချင်းတဦးနှင့်တွဲပေးသောအပေါင်းအဖေါ်အဖွဲ့အစည်းတခုပြုလုပ်ပါ၊

၄) မိဘအသစ်ခေါ်ရန်၊ မိဘများကိုဖွဲ့စည်း၍ပညာရေးစီမံခန့်ခွဲရေး၌မိဘများပါဝင်နိုင်ရန်၊ မိဘများလုပ်အားပေး၍ကျောင်းကဦးစီးဦးဆောင်သောလှုပ်ရှားမှုနှင့်လုပ်ငန်း၌ပါဝင်နိုင်ရန်၊ ကျောင်း

တွင်း၌မိဘများစုဝေးရာနေရာတခုထားပါ၊

၅) သက်ကြီးတန်း၌ မိဘများ၏အရည်အချင်းနှင့်တာဝန်ဝတ္တရားသင်ကြားမှုကိုထည့်ဝင်ပါ၊ ဒေါသကိုထိန်းသိမ်းသော၊ ဆိုင်ရာဆိုင်ခွင့်ရသင့်ကြောင်းတင်းမာစွာပြောဆိုသောသင်တန်းနှင့် အပြုအမူကိုပြုပြင်ပြောင်းလဲသောသင်တန်းကို ကျောင်းသူကျောင်းသားများ၏သင်ရိုးညွှန်းတန်း၌ထည့်ဝင်ပါ၊

၆) *ကျောင်းခရိုင်၏ကျင့်ကြံပြုမူခြင်းဥပဒေ* ကိုစည်းမျဉ်းဥပဒေရှိသည့်အတိုင်း ကျောင်းသူကျောင်းသားများ မိဘများနှင့်ကျောင်းအမှုထမ်းများထံသို့ဖြန့်ဝေပါ၊

၇) မှားယွင်းသောအပြုအမူကြောင့်အပြစ်ဒဏ်ပေးခြင်းကိုအရေးပေး၍ပြင်းထန်စွာပြစ်တင်ပြောဆိုသည်ထက် သင့်လျော်သောအပြုအမူမျိုးကိုတင်ရှားစေသောစည်းကမ်းများကိုအရေးပေးပါ၊

၈) အပေါင်းအသင်းမိတ်ဆွေများအားဖြင့်နိုင်ထက်စီးနင်းမှုကိုခံရသောကလေးများကိုကူညီထောက်ပံ့သောမိတ်ဆွေအဖွဲ့အစည်းကိုဖွဲ့ပါ၊

၉) အပေါင်းအသင်းများကိုဖြန်ဖြေသောအစီအစဉ်နှင့် ကျောင်းသူကျောင်းသားများအကြားပြဿနာများကိုပြေလည်အောင်ပြုလုပ်သောလူငယ်တရားရုံးကိုဖွဲ့ပါ၊

၁၀) အသက်အရွယ်အတန်း နှင့်ကိုက်ညီသော ပြဿနာနှင့်အငြင်းပွားမှုကိုဖြေရှင်းနိုင်သောဘာသာရပ်ကိုအသုံးပြုပါ၊

၁၁) ကျောင်းသူကျောင်းသားများကိုနိုင်ထက်စီးနင်းပြုနိုင်သောအခွင့်အရေးများလျော့နဲစေရန် စင်္ကြန်များ၊ ကျောင်းစားသောက်ခန်းများ၊ ကစားကွင်းများနှင့်ကျောင်းအားကစားကွင်းများ၊ ပစ္စည်းများထား၍သော့ခတ်ထားသောအခန်း (Locker room)၊ ဘတ်စ်ကားနှင့် ကျောင်းကဦးဆောင်သောဖြစ်ရပ်များ၌ ကျောင်းအမှုထမ်းများကပို၍ကြီးကြပ်စောင့်ရှောက်ရမည်၊

၁၂) သင့်တော်သလိုကျောင်းမှအကြံပေးသူများ သို့မဟုတ်စိတ်ဓါတ်ရေးရာနှင့်သက်ဆိုင်သောကျမ်းမာရေးပညာရှင်များကိုပါဝင်စေပါ၊

၁၃) ကျောင်းခရိုင်၏ နိုင်ထက်စီးနင်းပြုခြင်းကိုဆန့်ကြင်သောလှုပ်ရှားမှု၌လူနေအသိုင်းအဝိုင်းအဖွဲ့ဝင်များကိုထည့်ဝင်ပါ၊ (ဥပမာ–ကျောင်းခရိုင်၏ နိုင်ထက်စီးနင်းပြုခြင်းအစီအစဉ်ကိုလူနေအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့်ဆွေးနွေးရန်အစည်းအဝေးခေါ်ပါ၊ သတင်းထုတ်ပြန်ကြော်ငြာသောသူတို့ကိုကျောင်းခရိုင်၏ နိုင်ထက်စီးနင်းပြုခြင်းကိုဆန့်ကျင်သောတားမြစ်မှုများနှင့် ကြားဝင်လှုပ်ရှားမှုများကိုဖြန့်ဝေစေပါ၊ နိုင်ထက်စီးနင်းပြုခြင်းအမှုအရာများဆန့်ကြင်မှုထင်ရှားရန်အတွက်ကျောင်းနှင့်လူနေအသိုင်းအဝိုင်းလှုပ်ရှားမှုတိုးတက်အောင် ၎င်းလူနေအသိုင်းအဝိုင်းအဖွဲ့ဝင်များကိုထည့်ဝင်ပါ၊)

## ကျောင်းခရိုင်မှကျောင်းသူကျောင်းသားများအားဖြင့်ကျောင်းခရိုင်ကတားမြစ်ထားသောနိုင်ထက်စီးနင်းပြုခြင်းအမှုအရာများကိုဖြန့်ဝေခြင်းပုံနှိပ်ထုတ်ဝေခြင်း

ကျောင်းခရိုင်မှ ကျောင်းသူကျောင်းသားများအားဖြင့်ကျောင်းခရိုင်ဥပဒေကတားမြစ်ထားသောနိုင်ထက်စီးနင်းပြုခြင်းအမှုအရာများကိုသင့်တော်သလို ကျောင်းဆရာ၊ကျောင်းအမှုထမ်းများ၏လက်စွဲစာအုပ်၊ ကျောင်းသူကျောင်းသားလက်စွဲစာအုပ်နှင့်ကျောင်းပြက္ခဒိန် အစရှိသော ကျောင်းကပုံနှိပ်ထုပ်ဝေသောစာပေ၌ ပုံနှိပ်ဖြန့်ဝေပါ၊ ကျောင်းခရိုင်မှ ကျောင်းသူကျောင်းသားများအားဖြင့်ကျောင်းခရိုင်ဥပ

ဒေကတားမြစ်ထားသောနိုင်ထက်စီးနင်းပြုခြင်းအမှုအရာများစာစောင်ကိုတောင်းဆိုရယူနိုင်ပါသည်။ ထို့အပြင် ကျောင်းခရိုင်မှ ကျောင်းသူကျောင်းသားများအားဖြင့်ကျောင်းခရိုင်ကတားမြစ်ထားသော နိုင်ထက်စီးနင်းပြုမှုနှင့်အတူ ကြားဝင်လုပ်ရှားမှုများနှင့်မှားယွင်းသောအပြုအမူတားမြစ်မှုများကိုအတန်း အားလုံးအတွက် *ကျောင်းခရိုင်၏ကျင့်ကြံပြုမူခြင်းဥပဒေ*ထဲ၌ထည့်ဝင်ပါ။

မှတ်ချက် — ဤစည်းမျဉ်းဥပဒေများ၏အ မှတ်ကိုရည်ညွှန်းပါ၊

#3410R –ကျောင်းနယ်မြေ၌ကျင့်ကြံပြုမူခြင်းဥပဒေလမ်းညွှန်ချက်ကိုတိုးတက်စေခြင်း

#3420R–ကျောင်းခရိုင်၌နှောက်ယှက်မှုကိုတားမြစ်ခြင်း

#3420R.1– ကာမရာဂနှင့်ပတ်သက်၍နှောက်ယှက်ခြင်း

#7317R– ကျောင်းသူကျောင်းသားများကိုညှဉ်းဆဲခြင်း